**Interim Executive Council of Karenni State**
**Department of Justice**

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ
တရားရေးဌာန၏

# တစ်နှစ်ပြည့်အစီရင်ခံစာ

ရက်စွဲ၊ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

ကရင်နီပြည် တရားရေးဌာန

# နိဒါန်း

ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီသည် ကြားကာလတွင် ခိုင်မာအားကောင်းသည့် အုပ်ချုပ်မှုယန္တရားများ လည်ပတ်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေသည်။ ကရင်နီပြည်၏ ကြားကာလအစီအမံ ပြဋ္ဌာန်းချက်များနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ တရားဥပဒေ စိုးမိုးရေးကို လက်တွေ့အကောင်အထည်ဖော်ခြင်း၊ တာဝန်ခံ တာဝန်ယူမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း နှင့်တရားမျှတမှုရှိခြင်း စသည်တို့ကို အားကောင်းစေရန် ရည်ရွယ်၍ အထောက်အကူပြု ဌာနများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဖြစ်သည်နှင့်အညီ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရန် ပြည်သူများ လက်လှမ်းမီသည့် တရားမျှတသော တရားစီရင်ရေးစနစ်နှင့် တရားရုံးများကို အထောက်အပံ့ပြုနိုင်မည့် တရားရေးဌာနကို ဖွဲ့စည်းရန် အထူးလိုအပ်သည်။ တရားရေးရာကိစ္စများကို ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ တရားရေးဌာနက တာဝန်ခံရန်ဖြစ်သည်။ တရားရေးဌာနသည် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေး ကောင်စီ ဖွဲ့စည်းမှုတွင် အုပ်ချုပ်ရေးကဏ္ဍ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တရားရေးဌာန ဌာနမှူးကြီး၏ စီမံကြီးကြပ်မှုအောက်တွင် တည်ရှိသည်။ တရားရေးဌာနသည် စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အကြား ပေါင်းကူးဆက်သွယ်ပေးခြင်း၊ အုပ်ချုပ်ရေးကဏ္ဍနှင့် ဥပဒေပြုရေး ကဏ္ဍတို့အကြား ပေါင်းကူးဆက်စပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လည်း တာဝန်ရှိသည်။

တရားရေးဌာန၏ ရည်မှန်းချက်များမှာ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးမဏ္ဍိုင် တစ်ခုဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရာတွင် အထောက်အကူပြုနိုင်ရန်၊ ပြည်သူလူထု၏ ဥပဒေပါအခွင့်အရေးများ ရရှိစေရန်နှင့် တရားဥပဒေ စိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်တို့ဖြစ်သည်။

သို့ဖြစ်ရာ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ တရားရေးဌာနအား စတင်ဖွဲ့စည်း ခဲ့သည့် ၂၉-၁၁-၂၀၂၃ ရက်နေ့မှ ၂၉-၁၁-၂၀၂၄ ရက်နေ့အထိ (၁)နှစ်အတွင်း ဆောင်ရွက်ချက်များကို မိဘ ပြည်သူများထံ ဤအစီရင်ခံစာဖြင့် တင်ပြအပ်ပါသည်။

# မျှော်မှန်းချက်

တရားရေးဌာန၏ မျှော်မှန်းချက်မှာ “ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တို့အား အထောက်အကူပြုရန်၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်သူများ လက်လှမ်းမီသည့် တရားမျှတသော တရားစီရင်ရေးစနစ် ဖော်ဆောင်ရန်” ဖြစ်သည်။

## ရည်မှန်းချက်

တရားရေးဌာန၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးမဏ္ဍိုင်တစ်ခုဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်၊

(ခ) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရာတွင် အထောက်အကူပြုနိုင်ရန်၊

(ဂ) ပြည်သူလူထု၏ ဥပဒေပါ အခွင့်အရေးများ ရရှိစေရန်၊

(ဃ) တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်၊

## တရားရေးဌာန၏ ဖွဲ့စည်းပုံ

တရားရေးဌာနကို အောက်ပါရုံးများဖြင့်ဖွဲ့စည်းထားရှိသည်-


(က) ဌာနရုံး

(ခ) စီမံ/ဘဏ္ဍာဌာနခွဲ

(ခ) ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲ

(ဂ) အကျင့်စာရိတ္တပြုပြင်ရေးနှင့်ပြန်လည်ထူထောင်ရေးဌာနခွဲ

# တရားရေးဌာန ဖွဲ့စည်းပုံပြဇယား



## (၁)နှစ်တာကာလအတွင်း  တရားရေးဌာန၏ဆောင်ရွက်ချက်များ

### ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဥပဒေအသိပညာပေးခြင်း

ပြည်သူလူထု၏ ဥပဒေပါအခွင့်အရေးများ ရရှိစေရန် ရည်ရွယ်၍လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍လည်းကောင်း တရားရေးဌာန၏တာဝန်ရှိသူများသည် ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဥပဒေအသိပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ တရားရေးဌာန၏ ဌာနမှူးကြီး၊ ဒုတိယဌာနမှူးကြီးများနှင့် တာဝန်ရှိသူများသည် ကရင်နီပြည်အတွင်းရှိ ကျေးရွာများမှ ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဥပဒေအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။







*ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဥပဒေအသိပညာပေးခြင်းမှတ်တမ်းများ*













*ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဥပဒေအသိပညာပေးခြင်းမှတ်တမ်းများ*



## အလုပ်ရုံဆွေးနွေးပွဲများ

တရားရေးဌာနအနေဖြင့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အခြားသော ဆက်စပ်ဌာနများ၊ ကရင်နီပြည်နယ် ကြားကာလလွှတ်တော်၊ ကရင်နီပြည်နယ် တရားရုံးချုပ်တို့နှင့် တွေ့ဆုံ၍ လိုအပ်သည့် မူဝါဒများ၊ ဥပဒေများ ထုတ်ပြန်နိုင်ရန်၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။





*အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းများ*



## လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ

တရားရေးဌာန ဌာနမှူးကြီး၊ ဒုတိယဌာနမှူးများ၏ဦးဆောင်မှုဖြင့် တရားရုံးများသို့ တရားစွဲဆိုတင်ပို့ရာတွင် ဥပဒေနှင့်အညီဖြစ်စေရန်၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန်အတွက် ဦးစီးကောင်စီ၏တာဝန်ရှိသူများ၊ ကရင်နီပြည်ရဲဌာန(KSP)၏တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့ပြင် တရားမစွဲဆိုမီ ဥပဒေအကြံဉာဏ်တောင်းခံရေးနှင့်ပတ်သက်၍လည်း ကရင်နီပြည်ရဲဌာန(KSP)၏တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ တချို့သောအမှုများမှ စွပ်စွဲခံရသူများသည် ကလေးသူငယ်များဖြစ်သဖြင့် ကလေးသူငယ်ကြီးကြပ်သူ အစီရင်ခံစာတောင်းခံနိုင်ရေး၊ ကလေးသူငယ်တရားခံများ ထိန်းသိမ်းထားရှိရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

တရားရေးဌာနအနေဖြင့် ကရင်နီပြည်အစိုးရ၊ တရားရေးဝန်ကြီးဌာနနှင့်လည်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်လုပ်ဆောင်နိုင်မည့် လုပ်ငန်းများအားဖော်ထုတ်ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကရင်နီပြည်အစိုးရ၊ တရားရေးဝန်ကြီးဌာနမှ ကမကထ ကျင်းပပြုလုပ်သည့် တရားစီရင်ရေးဆိုင်ရာသင်တန်းများတွင်လည်း ပူးပေါင်း၍ အတူတကွ ဆောင်ရွက်ခဲ့ပါသည်။







*လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်သည့် မှတ်တမ်းများ*

## NUG-MoJနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

တရားရေးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ တရားရေးဝန်ကြီးဌာန၏ ဝန်ကြီးအပါအဝင် တာဝန်ရှိသူများသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ တရားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ တရားရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါသည်။




*အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ တရားရေးဝန်ကြီးဌာနနှင့် တွေ့ဆုံသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်း*

## သင်တန်းများဖွင့်လှစ်ပို့ချခြင်း

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ တရားရေးဌာနနှင့် ကရင်နီပြည်အစိုးရ၊ တရားရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းဆွေးနွေးချက်အရ တရားစီရင်ရေးဆိုင်ရာသင်တန်းများပို့ချရာတွင် ပူးပေါင်း၍ အတူတကွ ဆောင်ရွက်ခဲ့ကြပါသည်။





*ကရင်နီပြည်အစိုးရ၊ တရားရေးဝန်ကြီးဌာနနှင့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ တရားရေးဌာနတို့ပူးပေါင်း၍ တရားစီရင်ရေးဆိုင်ရာသင်တန်းများ ကျင်းပပြုလုပ်ခဲ့သည့်မှတ်တမ်း*




ထို့ပြင် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ တရားရေးဝန်ကြီးဌာနနှင့် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ တရားရေးဌာနတို့ပူးပေါင်း၍ တရားရေးဌာနလက်အောက်ရှိ ဥပဒေရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော ဥပဒေအရာရှိများအတွက် မွမ်းမံသင်တန်း ပို့ချဆောင်ရွက်ခဲ့ပါသည်။





တရားရေးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့် ရုံးဝန်ထမ်းများနှင့်ပတ်သက်၍ ရုံးစာရေးသားနည်းနှင့်ရုံးလုပ်ငန်းဆိုင်ရာသင်တန်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။




*ဝန်ထမ်းစွမ်းရည်မြှင့်သင်တန်း ပြုလုပ်နေသည့်မှတ်တမ်း*

## အကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများရှိ ပြစ်ဒဏ်ကျ၊ အချုပ်ကျသူများအား စစ်ဆေးကြည့်ရှုခြင်း

ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျခံနေရသူများနှင့်ပတ်သက်၍ ဥပဒေပါ အခွင့်အရေးများ ခံစား နိုင်ရန်နှင့် အမှုများ စစ်ဆေးစီရင်ရာတွင် ကြန့်ကြာမှုမရှိစေရန်တို့အတွက် တရားရေးဌာန ဌာနမှူးကြီး၊ ဒုတိယဌာနမှူးများ၊ တာဝန်ရှိသူများသည် အကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများသို့ သွားရောက်၍ စစ်ဆေးကြီးကြပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။





*အကျဉ်းထောင်အမှတ်(၁)တွင် စစ်ဆေးကြည့်ရှုခြင်း*







*အကျဉ်းထောင်အမှတ်(၂)တွင် စစ်ဆေးကြည့်ရှုခြင်း*





*ကရင်နီပြည်ရဲဌာန(KSP)တွင် စစ်ဆေးကြည့်ရှုခြင်း*

## ဥပဒေရုံးများဖွင့်လှစ်ခြင်း

ဥပဒေရုံးများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ လက်လှမ်းမီသည့် တရားစီရင်ရေးစနစ်ဖြစ်စေရေး၊ ဥပဒေ အကြံဉာဏ်ပေးရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရာတွင် အထောက်အကူပြုနိုင်ရေးတို့အတွက်ဖြစ်ပါသည်။ တရားရေးဌာနတွင် တရားစွဲဆိုခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေမူကြမ်းများ စိစစ်ခြင်းများ ပြုနိုင်ရန်အတွက် ပြည်နယ်ဥပဒေရုံး(၁)ရုံး၊ ခရိုင်ဥပဒေရုံး(၁)ရုံး၊ မြို့နယ်ဥပဒေရုံး (၂)ရုံး ဖွင့်လှစ်ထားရှိခဲ့ပါသည်။




## ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများ စိစစ်ဆောင်ရွက်ခြင်း

တရားရေးဌာနအနေဖြင့် ကရင်နီပြည်နယ် ကြားကာလလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကရင်နီပြည် ရဲဌာနဥပဒေ၊ ကရင်နီပြည်နယ် ကြားကာလတရားစီရင်ရေးဥပဒေ၊ ကရင်နီပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေတို့အား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ကရင်နီပြည်နယ် တရားရုံးချုပ်နှင့် တရားရေးဌာနတို့ပူးပေါင်း၍ ကြားကာလတွင် ကျင့်သုံးနိုင်မည့် တရားစီရင်ရေးနှင့်သက်ဆိုင်သည့် ဥပဒေ ၅၂မျိုးအနက် ဥပဒေ ၃၉မျိုး၏ ပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်၊ အားနည်းချက်၊ အားသာချက်များအား ကရင်နီပြည်နယ် ကြားကာလလွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပါသည်။ ယင်းဥပဒေများထဲမှ ဥပဒေ ၁၃မျိုးအား ကြားကာလတွင် ကျင့်သုံးနိုင်ရန်အတွက် ကြားကာလလွှတ်တော်မှ အတည်ပြုပေးနိုင်ခဲ့ပါသည်။ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ တာဝန်ပေးချက်အရ ကရင်နီပြည်နယ် ကြားကာလအစီအမံအား ပြန်လည် သုံးသပ်ရာတွင် တရားရေးဌာနအနေဖြင့် အကြံပြု ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

## တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခဲ့သည့်မှုခင်းများ၊ အမှုလိုက်ပါဆောင်ရွက်ခဲ့သည့်မှုခင်းများ

တရားရေးဌာနအနေဖြင့် ရဲအရေးယူပိုင်ခွင့်ရှိသောအမှုများတွင် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်ခြင်းများ ပြုလုပ်ရပါသည်။ သို့ဖြစ်၍ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် တရားမစွဲမီ ဥပဒေ အကြံဉာဏ်ပေးခြင်းလုပ်ငန်းများ၊ အမှုလိုက်ပါ ဆောင်ရွက်ခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက် လျက်ရှိပါသည်။

### ဥပဒေရုံးအဆင့်ဆင့်၏ အမှုလက်ခံဆောင်ရွက်မှု အခြေပြဇယား

| စဉ် | အမှုအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | ရာဇဝတ်ကြီးမှု | ၇၁ |
| ၂ | ရာဇဝတ်အထွေထွေမှု | ၅ |

### ဥပဒေရုံးအဆင့်ဆင့်၏ ရာဇဝတ်ကြီးမှုအမျိုးအစားအလိုက် မှုခင်းဆောင်ရွက်မှု အခြေပြဇယား

| စဉ် | အမှုအမျိုးအစား | အရေအတွက် | ပြီးပြတ်မှု |
|---|---|---|---|
| ၁ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုသောအမှု | ၂၀ | ၁၀ |
| ၂ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ စွဲဆိုသောအမှု | ၄၁ | ၁၀ |
| ၃ | မတရားအသင်းအက်ဥပဒေအရ စွဲဆိုသောအမှု | ၁ | ၁ |
| ၄ | လူသတ်မှု | ၂ | - |
| ၅ | ရာဇသတ်ကြီးအရ စွဲဆိုသော အခြားအမှုများ | ၇ | ၅ |
| | **စုစုပေါင်း** | **၇၁** | **၂၆** |

### အကျဉ်းထောင်များတည်ထောင်ဖွင့်လှစ်ခြင်း

၁-၁၁-၂၀၂၂ ရက်နေ့တွင် အကျဉ်းထောင်အား စတင်တည်ထောင်ခဲ့ခြင်းဖြစ်၍ တရားရေးဌာန မဖွဲ့စည်းမီတည်းက တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ သို့ရာတွင် တရားရေးဌာန ဖွဲ့စည်းပြီး နောက် အကျဉ်းထောင်အား တရားရေးဌာနလက်အောက်သို့ ရွှေ့ပြောင်းထားရှိခဲ့ပါသည်။ ထို့ကြောင့် တရားရေးဌာန၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့်ပြန်လည်ထူထောင်ရေးရုံး လက်အောက်တွင် အကျဉ်းထောင်များ တည်ရှိနေခြင်းဖြစ်ပါသည်။ မူလရှိရင်းဖြစ်သည့် အကျဉ်းထောင်အား အကျဉ်းထောင် အမှတ်(၁)အဖြစ် သတ်မှတ်ထားရှိပြီး အကျဉ်းထောင်အမှတ်(၂)အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တည်ထောင်ဖွင့်လှစ်ထားရှိပါသည်။ အကျဉ်းထောင်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ တရားခံများက ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် နောင်တရ၍ ပြန်လည်ပြင်ဆင်နိုင်ရန်၊ နောင်တွင် ထပ်မံပြစ်မှုကျူးလွန်ခြင်းများ မဖြစ်စေရန်၊ အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါ လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ရပ်တည်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

## အကျဉ်းထောင်ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်း

တရားရေးဌာန၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့်ပြန်လည်ထူထောင်ရေးရုံး လက်အောက်ရှိ အကျဉ်းထောင်များတွင် တာဝန်ထမ်းဆောင်နေသည့် အကျဉ်းထောင်ဝန်ထမ်းများ၏ ရုံးလုပ်ငန်းနှင့် လုံခြုံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကိုလည်း အလေးထား ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်အမှတ်(၁)တွင် အမိကရုဏ်းနှိမ်နှင်းရေးနှင့် လုံခြုံရေးသင်တန်းတစ်ရပ်အား ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။



*အမိကရုဏ်းနှိမ်နှင်းရေးနှင့် လုံခြုံရေးသင်တန်းပြုလုပ်နေသည့်မှတ်တမ်း*

## လွတ်ငြိမ်းချမ်းသာခွင့်နှင့်လွတ်ငြိမ်းသက်သာခွင့်

လွတ်ငြိမ်းခွင့်နှင့်ကြီးကြပ်စစ်ဆေးရေးဘုတ်အဖွဲ့တွင် တရားရေးဌာန ဒုတိယဌာနမှူး(၂)၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့်ပြန်လည်ထူထောင်ရေးရုံး ညွှန်ကြားရေးမှူးတို့ ပါဝင်ဆောင်ရွက်ခဲ့ပြီး ပြစ်ဒဏ်ကျခံနေရသူများအနက်မှ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်နှင့်လွတ်ငြိမ်းသက်သာခွင့် ပြုသင့်သည့် ပြစ်ဒဏ်ကျခံနေရသူများအား ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသို့ စိစစ်တင်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ၉-၅-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ်၊ ၀၉/၂၀၂၄ ဖြင့် ပြစ်ဒဏ်ကျခံနေရသူ ၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ပါသည်။ ထို့ပြင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ၂၁-၆-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ်၊ ၁၇/၂၀၂၄ ဖြင့် ပြစ်ဒဏ်ကျခံနေရသူ ၁၂ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် ၁၀၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ပြုခဲ့ပါသည်။

**အကျဉ်းသား၊ အချုပ်သားများ အခြေအနေပြဇယား**

| အကျဉ်းထောင်အမှတ်(၁) | | | အကျဉ်းထောင်အမှတ်(၂) | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|
| **ကျား** | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| **၁၅၀** | - | ၁၅၀ | ၅၆ | - | ၅၆ | ၂၀၆ | - | ၂၀၆ |

## နိဂုံး

တရားရေးဌာနသည် စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ တရားရေးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ ပြည့်မီရန်အတွက် လုပ်ငန်းအစီအစဉ်များချမှတ်ကာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် တရားရေးဌာန၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကြီးမားခြင်း၊ လုံခြုံရေးစိန်ခေါ်မှုကြီးမားခြင်း တို့ကြောင့် လိုအပ်ချက်များစွာ ရှိနေပါသည်။ တရားရေးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေး ပြည်သူ လူထု၏ ဥပဒေပါ အခွင့်အရေးများရရှိရေး လုပ်ငန်းများကို ဦးစားပေး၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တရားရေးဌာန

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်